စိတ်ကူးချိုချိုအနုပညာ


အမှတ် ၅

# လောကနီတိ

## အမျိုးသမီးနှင့်မင်းအစိုးရဆိုင်ရာအခန်း

# ပုံပြင်ဆေးရောင်ခြယ်

ကာတွန်းဗိုသံ စီစဉ်သည်




mgyoe.com
mgyoe.com

mgyoe.com




လောက လူအပေါင်းတို့၏
အနှစ်သာရလည်း မည်၏။
မိဘလည်း မည်၏။
ဆရာလည်း မည်၏။
အဆွေခင်ပွန်းလည်း မည်၏။
ထို့ကြောင့် နီတိကျမ်းကို
သင်ကြားတတ်မြောက်သော
လူအပေါင်းသည်
အကြားအမြင်များသော၊
မြင့်မြတ်သော ဉာဏ်ကြီးရှင် ဖြစ်၏။
လောကနီတိ

**သင့်ကလေးကို**
**ဆေးရောင်ခြယ်ဆော့ကစားရင်း**
**လောကနီတိများကို**
**မှတ်သားမိသွားစေပါမည်။**

BOT0007
500.00 KS

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

လောကနီတိဆိုတာ ကျမ်းတစ်စောင်ဖြစ်တယ်ကွဲ့။
သားသားမီးမီးတို့အပါအဝင် လောကီလူသားတွေရဲ့အကျိုးဖြစ်ထွန်းစရာ
လောကအကြောင်း၊မွေ့အကြောင်း၊ စီးပွားအကြောင်း၊ ပညာအကြောင်း၊
ရာဇအကြောင်း စတဲ့ အဆုံးအမတွေကို ဗုဒ္ဓဝါဒနဲ့ မဆန့်ကျင်ဘဲ
ရှေးနှစ်ပေါင်းများစွာကတည်းက ပြုစုထားတဲ့ ကျမ်းတစ်စောင်ဖြစ်လို့
သားသားမီးမီးတို့ သိမှတ်လေ့လာနိုင်ဖို့ ပျော်ရွှင်ဖွယ်ရာလေးတွေဖြစ်အောင်
ဆေးရောင်ခြယ်ပုံလှလှလေးတွေ ရေးဆွဲတင်ဆက်ပေးလိုက်ပါတယ်ကွယ်။

ဦးဦးဝိုင်း



ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း တာမွေ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုဓိမ်လမ်း ရန်ကင်း။
စောင်ရေ - ၅၀၀။

mgyoe.com



ဥသြငှက်တို့၏ အဆင်းကား အသံတည်း။ မိန်းမတို့၏ အဆင်းကား လင်ကို မြတ်နိုးခြင်းတည်း။
ရုပ်ဆိုးသူတို့၏ အဆင်းကား အတတ်ပညာတည်း။
သူတော်စင်တို့၏ အဆင်းကား သည်းခံခွင့်လွှတ်ခြင်းတည်း။

mgyoe.com



မိန်းမတို့၏ ဥစ္စာကား အဆင်းတည်း။
ယောကျ်ားတို့၏ ဥစ္စာကား အတတ်တည်း။
ရဟန်းတို့၏ ဥစ္စာကား သီလတည်း။
မင်းတို့၏ ဥစ္စာကား ခွန်အားတည်း။

mgyoe.com

mgyoe.com



သူတော်စင်တို့ကား ကြုံလို့မှ တင့်တယ်၏။

ခြေလေးချောင်းသတ္တဝါတို့ကား ဆူဖြိုးမှ တင့်တယ်၏။

ယောက်ျားကား အတတ်ရှိမှ တင့်တယ်၏။

မိန်းမတို့ကား လင်ရှိမှ တင့်တယ်၏။

mgyoe.com




စောင်းသမားသည် ငါးရက်မျှ စောင်းနှင့် ကင်းမှ ပျက်၏။

လေးသမားသည် ခုနစ်ရက်မျှ လေးနှင့် ကင်းမှ ပျက်၏။

စာသင်သားသည် လဝက်မျှ ဆရာနှင့် ကင်းမှ ပျက်၏။

အိမ်သူမယားသည် တစ်လမျှ လင်နှင့်ကင်းမှ ပျက်၏။

mgyoe.com


mgyoe.com

ကျွဲသည် ညွှန်တွင် ပျော်မွေ့၏။

ဟင်္သာသည် ရေကန်တွင် ပျော်မွေ့၏။

မိန်းမသည် ယောက်ျားတွင် ပျော်မွေ့၏။

ရဟန်းသည် တရားတွင် ပျော်မွေ့၏။

mgyoe.com



mgyoe.com

ထမင်းကို အစာကြေညက်မှ ချီးမွမ်းရာ၏။


မယားကို အရွယ်လွန်မှ ချီးမွမ်းရာ၏။

စစ်သည်ကို စစ်အောင်ပြီး ပြန်လာမှ ချီးမွမ်းရာ၏။

ကောက်စပါးကို ကျီသို့ရောက်မှ ချီးမွမ်းရာ၏။

mgyoe.com

mgyoe.com



နှစ်ကြိမ် သုံးကြိမ် အိမ်ထောင်ပြောင်းဖူးသော မိန်းမ၊

နှစ်ကျောင်း သုံးကျောင်း နေရာပြောင်းဖူးသော ရဟန်း၊

နှစ်ကြိမ် သုံးကြိမ် ကျော့ကွင်းမှလွတ်ဖူးသော ငှက်တို့သည် လွန်စွာ မာယာများတတ်ကြ၏။



mgyoe.com



mgyoe.com

ဆိုးသွမ်းသူကို ရိုက်နှက်ခြင်းဖြင့် လိမ္မာစေရာ၏။

ဖောက်ပြန်သော မိတ်ဆွေကို စကားမပြောခြင်းဖြင့် လိမ္မာစေရာ၏။

ဖောက်ပြန်သော မိန်းမကို စည်းစိမ်မအပ်နှင်းခြင်းဖြင့် လိမ္မာစေရာ၏။

အစာမက်သော သူကို အစာကို ယုတ်စေခြင်းဖြင့် လိမ္မာစေရာ၏။

mgyoe.com


mgyoe.com

လရောင်နှင့်ကင်းသော ညဥ့်သည် မတင့်တယ်။
လှိုင်းတံပိုးနှင့် ကင်းသော ပင်လယ်သည် မတင့်တယ်။
ဟင်္သာနှင့်ကင်းသော ရေကန်သည် မတင့်တယ်။
လင်နှင့်ကင်းသော မိန်းမငယ်သည် မတင့်တယ်။

F 3 B (LKNT 5)

mgyoe.com



mgyoe.com

လင်ယောကျ်ားသည် ဥစ္စာစည်းစိမ်ကို ရှာဖွေရ၏။

ဇနီးသည်ကား ကောင်းစွာစောင့်ရှောက်ပေးရ၏။

စင်စစ် (အိမ်ထောင်မှုတွင်) ယောကျ်ားသည်သာ ပဓာနဖြစ်၏။

မိန်းမသည် အပ်တွင်မှီသော အပ်ချည်ပမာတည်း။



mgyoe.com